


# ကြက်ခြေနီလစဉ်သတင်းစာစောင်

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ



## ကြက်ခြေနီကြီးကြပ်မှုကော်မတီများသို့ မော်တော်ယာဉ်များနှင့် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်

နေပြည်တော်၊ ဇန်နဝါရီ ၃၀

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများကို ပိုမိုမြန်ဆန်အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီများသို့ မော်တော်ယာဉ်များနှင့် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရှိ စုဝေးခန်းမ၌ ပြုလုပ်ခဲ့ သည်။

စာမျက်နှာ ( ၅) သို့

## လူသားချင်းစာနာထောက်ထားခြင်း



## (၈၁) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေး ကျင်းပ

နေပြည်တော်၊ ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နေပြည်တော်ရှိ အသင်းဌာနချုပ် စုဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်မှ (၃၀) ရက်နေ့အထိ (၈၁) ကြိမ်မြောက် ကြက်ခြေနီ ဗဟိုကောင်စီ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးဒေါက်တာဒေါ်မြလေးစိန်၊နေပြည်တော်ကောင်စီဝင်ဦးအေးမြင့်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များ၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကိုကိုနိုင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသာလှရွှေ၊ဥက္ကဋ္ဌပါမောက္ခဒေါက်တာဒေါ်မြသူနှင့်အချိန်ပြည့်/အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ မိတ်ဖက်အမျိုးသားအသင်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ခရိုင်တပ်ဖွဲ့မှူးများ၊ဌာနဆိုင်ရာများမှဖိတ်ကြားထားသောဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ အသင်းမှဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက " ယခုနှစ်သည် ၁၃ ကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီ ညီလာခံကိုကျင်းပမည့် နှစ်တစ်နှစ်ဖြစ်သဖြင့် အသင်းအတွက်ထူးခြားသော နှစ်ဖြစ်ကြောင်း၊ နိုင်ငံ တကာနှင့်ယှဉ်ပြီး ဆောင်ရွက်နေသည့် အသင်းဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ ဆက်သွယ်ဆောင်ရွက်မှုများကို စည်းစနစ်ကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ထိခိုက်ခံစားရသူများထံ ထိရောက်တဲ့ ကူညီထောက်ပံ့မှုတွေပေးနိုင်မှာ ဖြစ်သကဲ့သို့ အသင်း၏ လုပ်ဆောင်ချက်များကို အများပြည်သူက ယုံကြည်လက်ခံလာပြီး အသင်းပုံရိပ်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ညီလာခံ ရွေးချယ်တင်မြှောက်ရေး ကိစ္စရပ်များအတွက် ဆွေးနွေးတိုင်ပင်ရာတွင်လည်း အသင်းနှင့် ရည်ရွယ်ချက်တူညီသော မိတ်ဖက်လူမှုအဖွဲ့အစည်းများနှင့်အဆင့်တိုင်းတွင်ပူးပေါင်းပါဝင်လာစေရန်၊အသင်း၏ပုံရိပ်ကိုထိခိုက်နိုင်သော အသုံးချခံရမှုတွေမဖြစ်အောင် ကြိုတင်လေ့လာစီစစ်စေလိုကြောင်း၊ ဗဟိုကောင်စီဝင်များအနေနဲ့ မိမိတို့စိတ်ဆန္ဒအရ ကြက်ခြေနီအသင်းမှာ ပါဝင်လာကြသူများ ဖြစ်သည့်အတွက် အသင်းကောင်းကျိုးအတွက် တတ်စွမ်းသမျှ ဝိုင်းဝန်း ပံ့ပိုး ဆောင်ရွက်ပေးကြစေလိုကြောင်း" တိုက်တွန်း ပြောကြားခဲ့သည်။ထို့နောက် အသင်းဥက္ကဋ္ဌက အသင်းက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်း တင်ပြခဲ့ပါသည်။

စာမျက်နှာ ( ၃) သို့

# "သဘာဝအလှမပျက်စေဖို့ ပူးပေါင်းပါဝင်ထိန်းသိမ်းစို့"



## ကေသလာပွင့်ဝကျေးရွာ မြေထိန်းနံရံအား ရပ်ရွာလူထုသို့ လွှဲပြောင်းပေးအပ်

မင်းပြား၊ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်ရွာလူထုအခြေပြုကျန်းမာရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားရေး၊ အရေးပေါ်အခြေအနေကျန်းမာရေး စီမံချက်မှ ရပ်ရွာလူထုသို့ မြေထိန်းနံရံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့ ကေသလာပွင့်ဝကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးထွန်းငြိမ်းနိုင်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဌ ဦးကိုကိုလေးက အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဌ၊ မင်းပြားမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြောက်ဦးမြို့နယ် ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဌနှင့် ကြက်ခြေနီ စေတနာ လုပ်အားရှင်များ၊ ရပ်ရွာနေ ပြည်သူလူထုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဒေါ်တင်နီလာဋွေး

## မိသားစုပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်းအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်

ပြည်၊ ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနနှင့် ပြည်ပညာရေး ကောလိပ် ကြက်ခြေနီအသင်းခွဲတို့မှ ကြီးမှူးကျင်းပသော မိသားစုပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်းအကြောင်း အသိပညာပေး ဟောပြောပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့က ပဲခူးတိုင်း ဒေသကြီးရှိ ပြည်ပညာရေးကောလိပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုလင်းက မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနမှ လုပ်ငန်းစဉ်များ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး၊ ရွှေ့ပြောင်းသွားလာမှုများကြောင့် ကွဲကွာပျောက်ဆုံးခြင်းအစရှိသည့် ဖြစ်စဉ်များတွင် ဆရာ/ဆရာမများ၏ ပူးပေါင်းပါဝင်မှု အကာကွယ်ပေးမှု၊ အသိပညာပေးမှုများသည် များစွာ ထိရောက်အောင်မြင်မှု ရှိကြောင်း ကွဲကွာပျောက်ဆုံးမှုများသည် မည်သူမဆို အချိန်မရွေး ဖြစ်နိုင်သည့်အတွက် အကူအညီလိုအပ်သူများရှိပါက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပညာပေး ဟောပြောခဲ့ပါသည်။ အခမ်းအနားသို့ ပြည်မြို့ပညာရေး ကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဝင်းနှင့် နည်းပြဆရာ/ဆရာမ (၂၀) ဦး၊ သင်တန်းသား/သူ (၄၀၀)ဦးတို့ တက်ရောက်ခဲ့ပါသည်။

ဒေါ်စုစုလင်း






စာမျက်နှာ ( ၁ ) မှအဆက်

ဆက်လက်ပြီး အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ၊ အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးမင်းနောင်နှင့် ဗဟိုကောင်စီဝင်ဦးဘုန်းကျော်တို့အား ပြည်ထောင်စုဝန်ကြီးက ဗဟိုကောင်စီဝင် (၁၀)နှစ်ပြည့် ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ အသီးသီးချီးမြှင့်ခဲ့ပြီး အလှူရှင်များဖြစ်သည့် Coca Cola Company မှ တာဝန်ရှိသူ ဦးဇေယျာချစ်နှင့် ဦးတင်မောင်(စန္ဒီဘယဆေး)တို့အား အသင်းသို့ လှူဒါန်းမှုများအတွက် ဂုဏ်ပြု မှတ်တမ်းလွှာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကာ ဖွင့်ပွဲ အခမ်းအနားကို နံနက် (၁၀း၀၀)နာရီတွင် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

ပထမနေ့အစည်းအဝေးကို နံနက်(၁၀း၃၀)နာရီတွင် အသင်းဥက္ကဋ္ဌက သဘာပတိအဖြစ် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ (၈၀) ကြိမ်မြောက်ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး၏ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးမှု အခြေအနေများကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက (၈၁) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးသို့တင်သွင်းသည့် အမှုဆောင်အဖွဲ့ အစီရင်ခံစာကိုလည်းကောင်း၊ အချိန်ပြည့် အလုပ်အမှုဆောင် ဒေါက်တာဒေါ်အမယာမော်နိုင်က အသင်း၏ ၂၀၁၈ခုနှစ်၊ ဒုတိယနှစ်ဝက်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် ၂၀၁၉ခုနှစ် အတွက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အချိန်ပြည့် အလုပ်အမှုဆောင် ဦးကင်ဘွိုင်းက ဘဏ္ဍာရေး အစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ အသင်းဥပဒေ အကြံပေး ဒေါ်ခင်စိုးထိုက်က ဥပဒေ ပါပြင်ဆင်ထားချက်များကို လည်းကောင်း၊ အချိန်ပိုင်းအလုပ်အမှုဆောင် ကချင်ပြည် နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်က ရွေးချယ်တင် မြောက်ရေး စည်းမျဉ်း (မူကြမ်း) ပြင်ဆင်ချက်များနှင့် လုပ်ငန်းစဉ် အသေးစိတ်ကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များက တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြကာ အလုပ်အမှုဆောင်အဖွဲ့မှ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြ သည်။

အစည်းအဝေးဒုတိယနေ့တွင် ကျန်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက တိုင်းဒေသ/ ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကာ အလုပ်အမှုဆောင်အဖွဲ့မှ တင်ပြချက်များ အပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

(၂) ရက်တာ ကျင်းပပြုလုပ်သည့် ကြက်ခြေနီ ဗဟိုကောင်စီ အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၂) ရပ်၊ အတည်ပြုချက် (၆) ရပ်နှင့် မှတ်တမ်းတင်ခြင်း (၉) ရပ်တို့ကိုချမှတ်ကာ သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ဒေါ်ဆွေဆွေစိုးနိုင်

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
ရာဇသင်္ဂဟ လမ်းမကြီး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - (+၉၅) ၀၆၇ ၃၄၁၉၀၄၁၊ ၃၄၁၉၀၄၆။
ဖက်စ်- (+၉၅) ၀၆၇ ၃၄၁၉၀၃၆။

ရန်ကုန်ရုံးခွဲ
၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (+၉၅) ၀၁ ၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀။
ဖက်စ် (+၉၅) ၀၁ ၃၈၃၆၈၃
အီးမေးလ် - khinmaunghla@redcross.org.mm
website : www.redcross.org.mm
facebook : www.facebook/info.mrcs

## ကြက်ခြေနီမှ ရေးမြို့နယ် ကုလားကုတ်ကျေးရွာ လေဘေးဒဏ်သင့် အိမ်ထောင်စုများအား ကူညီ ထောက်ပံ့

ရေး၊ ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရေးမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် လေပြင်း (လေနီကြမ်း) တိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုပျက်ခြင်းနှင့် အိမ်အမိုး အကာလန်ခြင်းများ ဖြစ်ပွားခဲ့သော မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ခွဲ၊ ကုလားကုတ်ကျေးရွာရှိ အိမ်ထောင်စုများအား ကူညီခြင်း၊ ရှေးဦးပြုစုမှုပေးခြင်းနှင့် အခြားလိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။



ထို့နောက် မွန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်မြင့် ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ကုလားကုတ်ကျေးရွာရှိ လေဘေးကြောင့် နေအိမ်များ ပြိုပျက်ခြင်းနှင့် အိမ်အမိုး/အကာလန်ခြင်းများ ဖြစ်ပွားခဲ့သော စုစုပေါင်း အိမ် (၃၉၆)လုံး၊ စုစုပေါင်း လူဦးရေ (၁,၉၂၃) ဦးအတွက် ထောက်ပံ့ပစ္စည်းများကို (၃၆) နာရီအတွင်း အရေးပေါ် သွားရောက် ကူညီ ပံ့ပိုးပေးအပ်နိုင်ခဲ့ ပါသည်။

ဒေါ်လေးလေးခက်

## တိုက်ပွဲရှောင်များအားကြက်ခြေနီမှ ထောက်ပံ့

သီပေါ၊ ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရှမ်းပြည်နယ်(မြောက်) ကြက်ခြေနီကြီးကြပ်မှု ကော်မတီ၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဒုပြည်နယ်တပ်ဖွဲ့မှူး (ယာယီ) ဦးသိန်းစိုးနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် သီပေါမြို့နယ် ကြက်ခြေနီအသင်းခွဲမှ အမှုဆောင် များသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သီပေါမြို့နယ်၊ နောင်ကန်ကျေးရွာ ဘုန်းကြီးကျောင်း ရှိ တိုက်ပွဲရှောင် အိမ်ထောင်စု ၁၂၆ စု လူဦးရေ စုစုပေါင်း ၃၀၅ ဦးအတွက် စားသုံးရန် ဆန် ၁၀ အိတ် ကို သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ ပါသည်။

ဒေါ်သန္တာမိုး



## တိုက်ပွဲရှောင် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



ဘူးသီးတောင်၊ ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ်စီမံချက်များ စီမံခန့်ခွဲမှုယူနစ်၊ မောင်တောစီမံချက်ရုံး(ခွဲ)နှင့် ဘူးသီးတောင်မြို့နယ် ကြက်ခြေနီအသင်းခွဲတို့သည် ဘူးသီးတောင်မြို့နယ်၊ ကြာညိုပြင် ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသော တိုက်ပွဲရှောင် အိမ်ထောင်စု (၁၇)စု၊ လူဦးရေ စုစုပေါင်း (၇၄)ဦးအတွက် မိသားစုသုံးပစ္စည်းများ (Family Kit)၊ တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်းများ (Hygiene Parcel)နှင့် အခြားလိုအပ်သည်များကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် သွားရောက် ပေးအပ်ခဲ့ကြပါသည်။

ဦးလှဖော်



## မိုင်းအန္တရာယ်အသိပညာပေးဆွေးနွေးပွဲကျင်းပ

ကျေးသီး၊ ဇန်နဝါရီ ၂၄

ဒုတိယအကြိမ်မြောက် မိုင်းအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့က ကျေးသီးမြို့နယ်၊ ဂမ်ခုန့်ကျေးရွာ အုပ်စု (အ-မ -က) ပန်ပိုကျောင်းတွင် ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ကျေးသီးမြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်စုမှူး ဒေါ်စုစုထွေးက ကြက်ခြေနီအကြောင်းသိကောင်းစရာများ၊ မိုင်းအမျိုးအစားများဖြစ်သော လူသတ်မိုင်းနှင့် ယာဉ်ဖျက်မိုင်း အကြောင်းပြောကြားခဲ့ပါသည်။ ထို့နောက် မိုင်းအန္တရာယ် အသိပညာပေးရေး တာဝန်ခံ (MRE Focal Person) တစ်ဦးဖြစ်သူ ဒေါ်နန်းမွေဖောင်ခမ်းက မိုင်းအန္တရာယ်အသိပညာပေးခြင်းကို ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးပွဲသို့ ပန်ပိုကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဒေါ်စုစုထွေး

## ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းနှင့် သာမန်သင်တန်း အမှတ်စဉ် ၁/၂၀၁၉ ဖွင့်လှစ်

တောင်ကြီး၊ ဇန်နဝါရီလ ၂၃

ရှမ်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် တောင်ကြီး တက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း ဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းနှင့် သာမန်သင်တန်း အမှတ်စဉ် ၁/၂၀၁၉ သင်တန်းကို တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမတွင် ဖွင့်လှစ်ခဲ့ပါသည်။

ဖွင့်ပွဲသို့ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာဒေါ်မူမူမြင့်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ/ဆရာမများနှင့် တောင်ကြီး တက္ကသိုလ်ကြက်ခြေနီ အသင်းခွဲဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်နွယ်နွယ်စန်း၊

စာမျက်နှာ (၅) သို့

## တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲမှ (၁၁) ကြိမ်မြောက် ဘာသာရပ်ပေါင်းစုံ စုပေါင်း သွေးလှူဒါန်းပွဲ ကျင်းပ

တောင်ကြီး၊ ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံကြက်ခြေနီအသင်း တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲမှ ဦးစီး၍ (၁၁)ကြိမ်မြောက် ဘာသာရပ်ပေါင်းစုံ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် တောင်ကြီးတက္ကသိုလ် အင်းလေးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာ ဦးမျိုးထွန်း၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာဦးအောင်သန်းမောင်၊ တောင်ကြီး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်နှင့် ဒုတိယပါမောက္ခချုပ်များ၊ စပ်စံထွန်းဆေးရုံအုပ်ကြီးဒေါက်တာဦးအောင်ငွေစံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးအေးချမ်း၊ ဒုတိယပြည်နယ်တပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာဒေါ်နွယ်နွယ်စန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ရောဂါဗေဒဆရာဝန် ဒေါက်တာဒေါ်နင်းဝတ်ရည်မြင့်နှင့် ဆရာဝန်/ဆရာမများ၊ ဆေးရုံ ဝန်ထမ်းများ၊ ဒေါက်တာဒေါ်မြတ်မြတ်ချိုနှင့် ဆရာ/ဆရာမများ၊ ဆရာများ သမဂ္ဂအမှုဆောင်များ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ကင်းထောက် လူငယ်များ တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီသူနာပြု တပ်ဖွဲ့ ပြည်နယ်တပ်ဖွဲ့မှူး၊ ဒုတိယပြည်နယ်တပ်ဖွဲ့မှူးတို့ ဦးဆောင်သော ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ တောင်ကြီးမြို့နယ်နှင့် တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် ကင်းထောက်မောင်/မယ်များ၊ တောင်ကြီး စပ်စံထွန်းပြည်သူ့ဆေးရုံ (သွေးဘဏ်)မှ ဒေါက်တာ ဒေါ်နင်းဝတ်ရည်မြင့် ဦးဆောင်သော သွေးဘဏ်မှ ဝန်ထမ်းများနှင့်အတူ သွေးလက်ခံခြင်းများနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် စေတနာသွေးသန့်အလှူရှင်များမှ စုစုပေါင်းသွေး (၂၉၉) လုံး လှူဒါန်းနိုင်ခဲ့ကြပါသည်။

ဦးဝင်းဇော်ထွေး

စာမျက်နှာ (၁) မှ အဆက်

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူက လူမှုကရုဏာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ရာ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဂဲနက်စ်၊ ကယားပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကြည်လေး၊ ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဦးဌေးနောင်၊ ပဲခူးတိုင်းဒေသကြီး တပ်ဖွဲ့မှူး ဒေါက်တာဦးနေမျိုး၊ မွန်ပြည်နယ်တပ်ဖွဲ့မှူး ဦးကျော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဦးလှအေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုဥက္ကဋ္ဌ ဦးစိုင်းဆိုင်ပူးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်တို့က လက်ခံခဲ့ကြပါသည်။

ဆက်လက်ပြီး အသင်းဥက္ကဋ္ဌက ရှေးဦးပြုစုခြင်း အခြေခံ အသက်ကယ် အထောက်အကူပြု ပစ္စည်းများကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြပါသည်။

ဒေါ်ဆွေဆွေစိုးနိုင်

## သာပေါင်းမြို့နယ် စီမံချက်ကျေးရွာများသို့ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

သာပေါင်း၊ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဆွီဒင်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ရပ်ရွာလူထု ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိသော မြို့နယ်ကြက်ခြေနီအသင်းခွဲများ ဖြစ်လာစေရေး စီမံချက် (Accountable Resilient Branches (ARB) Project) ၏ ပံ့ပိုးကူညီမှုဖြင့် သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲမှ စီမံချက်ကျေးရွာများသို့ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ နေ့တွင် သာပေါင်းမြို့၊ ပြည်အေးခန်းမ၌ ကျင်းပ ပြုလုပ် ခဲ့ပါသည်။

အခမ်းအနားသို့ သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကိုနိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ (ဇီးပင်ကွင်း၊ ကျောက်စရစ်ကုန်း၊ သင်္ကန်းပင်ဆိပ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ခွဲမှူး ဦးကျော်သန်းနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌမှ ရှင်းလင်းပြောကြားရာတွင် "ဘေးအန္တရာယ်လျော့ပါးရေးတွင် အမှန်တကယ် အသုံးဝင်မည့်ပစ္စည်းများကို ကျေးရွာအလိုက် ကော်မတီ အစည်းအဝေးများပြုလုပ်ကာ အများသဘောတူ ရွေးချယ်

စာမျက်နှာ ( ၆ ) သို့




## ကင်ဆာရောဂါအကြောင်းသိကောင်းစရာ ဟောပြောပွဲ ပြုလုပ်

နေပြည်တော်၊ ဇန်နဝါရီ ၂၄

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကင်ဆာရောဂါ အထိမ်းအမှတ်နေ့ကို ကြိုဆိုသောအားဖြင့် ကင်ဆာရောဂါ အကြောင်း သိကောင်းစရာဟောပြောပွဲကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နေ့လည် ၁း၃၀ အချိန်က နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ် သင်တန်း ခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေ အတွင်းရေးမှူး ဒေါက်တာဒေါ်ညိုညိုဝင့်၊ ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သီတာကြူနှင့် ဝန်ထမ်းများ၊ ရေပတ်ဝန်းကျင်နှင့် သန့်ရှင်းရေး ဆိုင်ရာ အရေးပေါ်တုန့်ပြန်ရေးသင်တန်း တက်ရောက်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား/သူ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ဟောပြောပွဲတွင်ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာဦးနေထက်လင်းက ကင်ဆာရောဂါ အကြောင်းသိကောင်းစရာကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ ပါသည်။

ဒေါ်ဆွေဆွေစိုးနိုင်



စာမျက်နှာ (၄) မှ အဆက်

ရှမ်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာဦးလှအေး၊ ရှမ်းပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးအေးချမ်း၊ ဒုတိယတပ်ဖွဲ့မှူး ဦးအောင်ကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များ၊ နည်းပြများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းနှင့် သာမန်သင်တန်းတို့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်မှ ၃၀ ရက်နေ့ထိ စာတွေ့/လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ပြီး အခြေခံသင်တန်းတွင် ၃၄၁ ဦးနှင့် သာမန် သင်တန်းတွင် ၄၆ ဦး၊ စုစုပေါင်း ၃၈၇ ဦး တက်ရောက်ခဲ့ပါသည်။

ဒေါ်ဇွန်လေးဝေ



စာမျက်နှာ (၅) မှ အဆက်

ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခဲ့သည့်အတိုင်း ဝယ်ယူနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကျေးရွာများအနေဖြင့် ဝမ်းသာကျေနပ်မည်ဟု ယုံကြည်ပါကြောင်း၊ သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲ အနေဖြင့် တာဝန်ယူကာ လွှဲပြောင်း ပေးအပ်ခြင်းဖြစ်ပါကြောင်း” ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအထောက်အကူပြုပစ္စည်းများကို သာပေါင်းမြို့နယ် ကြက်ခြေနီအသင်းခွဲက တာဝန်ယူကာစီမံချက်ဝင် ကျေးရွာများဖြစ်သည့် ဇီးပင်ကွင်း၊ ကျောက်စရစ်ကုန်း၊ သင်္ကန်းပင်ဆိပ်စသည့် ကျေးရွာ (၃)ရွာအတွက် တစ်ရွာလျှင် ကျပ် (၁၀) သိန်းကျော် တန်ဖိုး ရှိသော ပစ္စည်းများအား လွှဲပြောင်းပေးအပ်ခဲ့ ပါသည်။

ဦးသက်ညီ

## ရေ၊ ပတ်ဝန်းကျင်နှင့်သန့်ရှင်းရေးဆိုင်ရာ အရေးပေါ်တုန့်ပြန်ရေးသင်တန်း ဖွင့်လှစ်

နေပြည်တော်၊ ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဌာန၊ ရေ၊ပတ်ဝန်းကျင်နှင့်သန့်ရှင်းရေးဆိုင်ရာယူနစ်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရေ၊ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဆိုင်ရာ အရေးပေါ်တုန့်ပြန်ရေးသင်တန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ် သင်တန်းခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက် (၈း၃၀)နာရီတွင် ကျင်းပ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူနှင့် အချိန်ပြည့် အလုပ်အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Mr.Wirakhman Maharlika Somantri၊ အထွေထွေ အတွင်းရေးမှူး၊ ဒုတိယအထွေထွေ အတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စေတနာလုပ်အားရှင်သင်တန်းသား/သူများ၊ ဝန်ထမ်းများ စုံညီစွာ တက်ရောက် ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် အသင်းဥက္ကဋ္ဌက အမှာ စကားပြောကြားရာ “ယခု သင်တန်းသည် ၂၀၁၉ခုနှစ် နှစ်ဦးမှာ အသင်းရုံးချုပ်တွင် ပထမဆုံးဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းမှာလည်း အရေးပေါ် အခြေအနေများတွင် ရေကောင်း ရေသန့်ရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးတို့ အတွက် ရည်ရွယ်ပြီး ပြုလုပ်သည့်သင်တန်းဖြစ်၍ အလွန်မင်္ဂလာရှိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ပြည်သူလူထုဘေးဒဏ် ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ရေ၊ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများသည်လည်း အလွန်အရေးပါကြောင်း၊ အရေးပေါ်အခြေအနေများတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများသည်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အားနည်းသောကြောင့် ဖြစ်ပါကြောင်း၊ ယခု သင်တန်းကို တက်ရောက်လာသည့် တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးမှ စေတနာလုပ်အားရှင်များအနေဖြင့် သင်တန်းကရရှိသော ဗဟုသုတများနှင့် နည်းပညာများကို သေချာမှတ်သားလိုက်နာပြီး သင်တန်းမတက်ရောက်နိုင်သော မိမိတို့မြို့နယ်က အခြားစေတနာလုပ်အားရှင်များကို ပြန်လည်မျှဝေပေးစေလိုကြောင်း” ပြောကြား သွားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် သင်တန်းသား/သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်း ခဲ့ပါသည်။



သင်တန်းမှ အရေးပေါ်ကာလအတွင်း ရေကောင်းရေသန့် ရရှိရေးနှင့် ပတ်ဝန်းကျင်၊ တစ်ကိုယ်ရည် သန့်ရှင်းရေး စသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ဖြင့် ၂၂ ရက်နေ့မှ ၂၄ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ကာ ပြည်နယ်နှင့်တိုင်းများမှ ကြက်ခြေနီ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ စုစုပေါင်း (၃၅)ဦး တက်ရောက်ခဲ့ကြပါသည်။

ဦးကျော်မင်းဌေး

## ကိုရီးယားနိုင်ငံမှ ကြက်ခြေနီလူငယ်များ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အတူ လူမှုကရုဏာလုပ်ငန်းများ လာရောက်ဆောင်ရွက်

ရန်ကုန်၊ ဇန်နဝါရီ ၁၈

ကိုရီးယားနိုင်ငံကြက်ခြေနီအသင်းမှ Mr.Park Tae Hwanနှင့် Mr.Park Sa Hyun တို့ဦးဆောင်သော ကြက်ခြေနီလူငယ်များသည် ၂၀၁၉ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)သို့ လာရောက်လေ့လာခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူနှင့် တာဝန်ရှိများမှ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက “ကိုရီးယားနိုင်ငံကြက်ခြေနီလူငယ်များကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးနားချင်း နိုင်ငံမဟုတ်ပေမဲ့ အာရှတိုက် အတွင်းသာရှိကြသော နိုင်ငံများဖြစ်ကြောင်း၊ ကိုးရီးယား ကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဆောင်ရွက်ချက်များ တူညီကြပါကြောင်း” စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားနိုင်ငံ ကြက်ခြေနီလူငယ်များသည် မြန်မာနိုင်ငံကြက်ခြေနီ အသင်းတာဝန်ရှိသူများနှင့်အတူ ဟင်္သာတမြို့နယ် ပေါက်ရိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ ရွာသစ်တောင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ ကျောင်းသား/သူများနှင့် အတူ ရင်းနှီးချစ်ကြည်စွာဆော့ကစားခြင်း၊ ကျောင်းသား/သူများအား Friendship gift box များပေးဝေခြင်း၊ ကျောင်း စာကြည့်တိုက် အတွက် စာအုပ်/စာတမ်းများ၊ ဘီရိုနှင့် စာအုပ်စင်များ၊ စားပွဲများနှင့် ကုလားထိုင်များ လှူဒါန်းခြင်း၊ ကျောင်းစာကြည့်တိုက် ကဗ္ဗည်းမော်ကွန်းပြားလွှဲအပ်ခြင်း၊ ကျောင်းစာကြည့်တိုက်အတွက် မတည်အလှူငွေ ကျပ် ၁၀၀,၀၀၀/တိတိကို လှူဒါန်းပေးအပ်ခြင်းနှင့် ဟင်္သာတမြို့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းသို့ သွားရောက်လေ့လာခြင်းတို့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်မှ ၂၃ ရက်နေ့ထိ ဆောင်ရွက်ခဲ့ကြပါသည်။

ကိုရီးယားနိုင်ငံကြက်ခြေနီလူငယ်များသည် မြန်မာနိုင်ငံသို့ လာရောက်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အတူ နှစ်စဉ် လူမှုကရုဏာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည်မှာ ယခုအချိန်ထိ စုစုပေါင်း (၆) ကြိမ်တိတိရှိပြီ ဖြစ်ပါသည်။

ဦးအောင်မြင့်စိုး

